# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 27 , 2022 Volume 56, Number 17


| ၂၇.၇.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၇၆.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၃၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၅.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၉၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၄.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် (၂၃) ကြိမ်မြောက် China International Travel Mart (CITM) အောင်မြင်စွာကျင်းပနိုင်ခဲ့



Source: စီးပွားရေးသံမှူး-ကူမင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ လေကြောင်းဦးစီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့က ကြီးမှူး၍ (၂၃) ကြိမ်မြောက် China International Travel Mart (CITM) ကို (၂၂-၇-၂၀၂၂) ရက်နေ့မှ (၂၄-၇-၂၀၂၂) ရက်နေ့အထိ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ကျင်းပခဲ့ရာ တရုတ်နိုင်ငံ၏ ပြည်နယ်အသီးသီးမှ ပြခန်းများ၊ မြို့နီစပယ်မြို့များ၊ ကူမင်းအခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးများ၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများအပါအဝင် သက်ဆိုင်ရာဌာနနှင့် လုပ်ငန်းကုမ္ပဏီများ ပါဝင်ပြသခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး H.E. Mr. Wang Ning၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo၊ တရုတ်နိုင်ငံ၊ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhang Xu နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကူမင်းမြို့အခြေစိုက် ကောင်စစ်ဝန်ချုပ်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ် (ကူမင်း) ၏ ဦးဆောင်မှုဖြင့် မြန်မာပြခန်းကိုပြသခဲ့ရာ ခရီးသွားမြှင့်တင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ အင်္ဂလိပ်ဘာသာနှင့်တရုတ်ဘာသာတို့ဖြင့် ရိုက်ကူးထားသော Myanmar-Be enchanted Video Clip အား တီဗွီဖြင့် စဉ်ဆက်မပြတ်ပြသကြော်ငြာခြင်း၊ မြန်မာ့လက်မှုပညာများ ပြသခြင်းများအပြင် မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများဖြစ်သော ကျောက်စိမ်း၊ လက်ဝတ်ရတနာများ၊ ယွန်းထည်ပစ္စည်းများ၊ ကျောက်စီပန်းချီကားချပ်များ၊ အေးသာယာဝိုင်၊ လက်ဖက်ခြောက်၊ မြန်မာစတိုင်လက်ဖက်ရည်ချို Royal Myanmar Tea Mix များကိုလည်း ခင်းကျင်းပြသခဲ့ရာ လာရောက်ကြည့်ရှုသူများ၏ စိတ်ဝင်စားမှုများရရှိခဲ့ပါသည်။

ပြပွဲအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်မှု ပိုမိုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၃-၇-၂၀၂၂ တွင်ကျင်းပရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး (ကူမင်း)၊ စီးပွားရေးသံမှူး ဒေါက်တာဝေရီလင်းမှ မြန်မာ့ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများ ခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့ပါသည်။ အဆိုပါခရီးသွားလုပ်ငန်းပြပွဲသို့ နိုင်ငံပေါင်း ၇၀ ကျော်မှ ပါဝင်ပြသခဲ့ပါသည်။

(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1

## ရန်ကုန် ဝါးတန်းဈေးကွက် ဆန်ဈေးများတက်

ရန်ကုန်၊ ဝါးတန်းဈေးကွက်မှာတော့ ဆန်ချောအမျိုးအစားအတော်များများ ဈေးတွေတက်လာတာဖြစ်ပါတယ်။ ဆန်ကြမ်းဈေးတွေကတော့ ထူးထူးခြားခြား ဈေးတက်တာမျိုးမရှိပါဘူး။ သိသိသာသာဈေးတက်တာက ရွှေဘိုပေါ်ဆန်း(သစ်) ဆန်ပါ။ ဟိုအရင်က တစ်အိတ်(၁.၅ တင်း) ကို ပုံမှန်အားဖြင့် ၅၄၀၀၀ – ၆၆၀၀၀ ကြားရှိရာကနေ ဇူလိုင် ၂၁ ကစလို့ ၆၀၀၀၀– ၇၀၀၀၀ ထိ ဈေးတက်သွားတဲ့ ရွှေဘိုပေါ်ဆန်း(သစ်)ဟာ ဒီနေ့ (ဇူလိုင် ၂၅) မှာတော့ တစ်အိတ်ကို ကျပ် ၁၀၀၀၀ ခန့် ဈေးတက်လာပြီး ၇၀၀၀၀–၇၆၀၀၀ ဈေးရှိနေတာဖြစ်ပါတယ်။

ဖျာပုံပေါ်ဆန်းမွှေးနဲ့ ဒေးဒရဲပေါ်ဆန်းမွှေးတွေလည်း တစ်အိတ်ကို ကျပ် ၄၀၀၀ ကနေ ၅၀၀၀ ခန့်ထိ ဈေးတွေတက်လာပါတယ်။မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းနယ်စုံသစ်၊ ကျားပျံရှယ်(သစ်)၊ ဖျာပုံတောင်ပျံ(သစ်)၊ ပေါ်ဆန်းရှယ်(သ) တို့လည်း တစ်အိတ်ကို ၂၀၀၀ ကနေ ၅၀၀၀ ကြား ဈေးတွေအသီးသီးတက်လာပါတယ်။

ဇူလိုင် ၂၆ ရက် ရန်ကုန်ဝါးတန်းဈေးကွက်ဆန်ဈေးနှုန်း(၁.၅ တင်း) တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် –

ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သ) – ၅၃၀၀၀ မှ ၅၅၀၀၀ ကျပ်
ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး) (သ) – ၅၂၀၀၀ မှ ၅၅၀၀၀ ကျပ်
ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သ) – ၅၃၀၀၀ မှ ၅၅၀၀၀ ကျပ်
ဆန်(ပေါ်ဆန်းနယ်စုံသစ်) (သ) – ၅၀၀၀၀ မှ ၅၂၀၀၀ ကျပ်
ဆန်(ဧည့်မထ)(သ) – ၃၁၀၀၀ မှ ၃၂၀၀၀ ကျပ်
ဆန်(ငစိန်)(သစ်) – ၃၃၀၀၀ မှ ၃၅၀၀၀ ကျပ်
ဆန်(မြီးဒုံး)(သစ်) – ၄၀၀၀၀ မှ ၄၂၀၀၀ ကျပ်
ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) – ၇၀၀၀၀ မှ ၇၆၀၀၀ ကျပ်
ဆန်(ဧည့်မထ ၂၅%)(သစ်) – ၃၀၅၀၀ မှ ၃၁၀၀၀ ကျပ်
ဆန်(ရက် ၉၀ သစ်ရှယ်) – ၃၄၅၀၀ မှ ၃၆၅၀၀ ကျပ်
ဆန်(သီးထပ်)(သ) – ၃၁၂၀၀ မှ ၃၃၀၀၀ ကျပ်
ကြားပျံရှယ်(သစ်) – ၅၅၀၀၀ မှ ၆၀၀၀၀ ကျပ်
ပေါ်ဆန်းရှယ်(သ) – ၅၀၀၀၀ မှ ၅၃၀၀၀ ကျပ်
တောင်ပျံ(ဖျာပုံ)(သစ်) – ၅၅၀၀၀ မှ ၅၈၀၀၀ ကျပ်
ပေါ်ကျွဲ(ဖျာပုံ)(သစ်) – ၄၁၀၀၀ မှ ၄၄၀၀၀ ကျပ်
တောင်ပျံ(မော်ကျွန်း)(သစ်) – ၅၁၀၀၀ မှ ၅၃၀၀၀ ကျပ်
ပေါ်ကျွဲ(မော်ကျွန်း)(သ) – ၄၀၀၀၀ မှ ၄၂၀၀၀ ကျပ်

ကြက်သွန်နီဈေးတွေလည်း ထပ်တက်လာပြီး အမျိုးအစားအလိုက် တစ်ပိဿာကို ၁၃၅၀ ကနေ ၁၉၅၀ ကျပ်ထိ ပေါက်ဈေးအသီးသီးရှိနေတာဖြစ်ပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

https://greenwaymyanmar.com/posts/market_information_for_rice

## အကုန်အတက်ဈေးဖြစ်နေသည့် ပဲ၊ နှမ်းဈေးကွက်




ဒေါ်လာဈေးအပေါ် အခြေခံလာသည့် ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲကြောင့် ပဲမျိုးစုံဈေးကွက်အတွင်း ပဲ၊ နှမ်း အားလုံး ဈေးမြင့်တက်လာသည့်အပြင် လက်ကျန်နည်းလာသည့် ပို့ကုန်ပဲများမှာ ဈေးမြင့်တက်လာလျက်ရှိကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ဒေါ်လာငွေ သတ်မှတ်ချက်အပြင် ငွေပေးချေမှု၊ တင်ပို့မှုဆိုင်ရာ လိုင်စင်တစ်ခေါက်ချင်းလျှောက်ထားရမှုတို့ကြောင့် ပဲနှမ်းဈေးကွက်တွင် နှစ်ရက်ခန့် အရောင်းအဝယ် ရပ်ဆိုင်းလုဖြစ်သွားပြီးနောက် ပစ္စည်းလက်ဝယ်ရှိသူများက ပြင်ပဒေါ်လာဈေးပေါ်မူတည်ကာ ဈေးချိန်ညှိပြီး ကြိုက်ဈေးရမှသာ ရောင်းချသည့်ပုံစံဖြစ်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်( ရွှေစင်သိန်းပွဲရုံ) က ပြောသည်။

"ပဲ၊ နှမ်းဈေးကွက်ကတော့ အကုန်အတက်ဈေးတွေဖြစ်နေပါတယ်။ မြေပဲဆန်ဆိုရင် တစ်ပိဿာ ကျပ် ၅၀၀၀ ကျော်နေတယ်။ ကုလားပဲဆိုရင်လည်း ထိုင်ဝမ်ပဲက ကျပ် ၁၃၈,၀၀၀–၁၄၀,၀၀၀ ၊ ပဲစင်းငုံတစ်အိတ် ကျပ် ၁၄၁,၀၀၀ ပေါက်ဈေးတွေဖြစ်လာတယ်။ နှမ်းဖြူတစ်အိတ် ကျပ် ၂၇၀,၀၀၀ ထိ ဈေးကောင်းလာပါတယ်။ ပဲ၊ နှမ်းအမျိုးအစားအလိုက် အကုန် ပုံမှန်မဟုတ်တဲ့ အတက်ဈေးတွေ ဖြစ်နေပါတယ်။ ပစ္စည်းလက်ဝယ်ရှိသူတွေကတော့ မရောင်းရလေကြိုက်လေ ကြိုက်ဈေးခေါ်ရောင်းနေတဲ့ ဈေးကွက်ဖြစ်နေပါတယ် " ဟု ၎င်းကပြောသည်။

ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲကြောင့် နယ်စပ်ကုန်သွယ်မှုတွင် ငွေလဲလှယ်နှုန်းကွာခြားချက်များကြောင့် ပို့ကုန်သမားများ တင်ပို့မှုရပ်ဆိုင်းနေကြောင်းလည်းသိရပြီး ပြည်တွင်းဒေါ်လာပေါက်ဈေး မတည်ငြိမ်ခြင်းကြောင့်လည်း ပဲ၊ နှမ်းဈေးကွက်မှာ ပုံမှန်မဟုတ်သည့် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေခြင်းဖြစ်သည်။

**မတ်ပဲ၊ ပဲတီစိမ်း ၊ ပဲစင်းငုံ**

ပို့ကုန်ပဲများ အားလုံး သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၀,၀၀၀ ခန့် ဈေးမြင့်တက်သွားရာ ဇူလိုင် ၂၁ ရက်တွင် မတ်ပဲတစ်အိတ်ကျပ် ၁၅၉,၀၀၀ ၊ ပဲတီစိမ်း တစ်အိတ် ကျပ် ၁၄၁,၀၀၀ ၊ ပဲစင်းငုံ တစ်အိတ်ကျပ် ၁၄၀,၀၀၀ ၊ ပေါက်ဈေးဖြစ်လာသော်လည်း အရောင်းအဝယ်မှာမူ ကောင်းမွန်နေပြီး ပြင်ပဒေါ်လာဈေး မတည်ငြိမ်မှုနှင့်အတူ ပို့ကုန်ပေါက်ဈေးများလည်း လိုက်ပါဈေးမြင့်တက်နေခြင်းဖြစ်သည်။

**မြေပဲ**

ပြည်တွင်းဈေးကွက်သို့ စားဆီဝင်ရောက်မှုရှိလာသော်လည်း ပေါက်ဈေးမြင့်မားနေခြင်းကြောင့် မြေပဲဆံဈေးမှာလည်း မြင့်တက်နေသည်။ တရုတ်လိုင်းအဝယ်များသည့် မြေပဲလုံးဆံအနီမှာ တစ်ပိဿာကျပ် ၅,၁၀၀ ထိပေါက်ဈေး ရှိနေသည်။ ဇူလိုင်လ ၂၁ ရက်တွင် S1 လုံးဆံ တစ်ပိဿာ ကျပ် ၅,၀၀၀ ၊ အနီဆီဆံ တစ်ပိဿာ ကျပ် ၄,၈၀၀ ၊ မြေပဲဆီ တစ်ပိဿာကျပ် ၉,၅၀၀၊ နှမ်းဆီ တစ်ပိဿာကျပ် ၈၀၀၀ နှင့် စားအုန်းဆီ တစ်ပိဿာ ကျပ် ၈,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများလည်း ဈေးမြင့်တက်လာရာ ကုလားပဲ V2 တစ်အိတ် ကျပ် ၁၅၇,၀၀၀၊ ပဲယင်းတစ်အိတ် ကျပ် ၁၃၅,၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၂၁၀,၀၀၀၊ ပဲထောပတ်တစ်အိတ် ကျပ် ၁၅၀,၀၀၀၊ စွန်တာပြာတစ်အိတ် ကျပ် ၁၃၅,၀၀၀၊ မြေထောက်ပဲတစ်အိတ် ကျပ် ၁၈၅,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ် ကျပ် ၃၀၀,၀၀၀ အသီးသီးဈေးမြင့်တက်လာကြောင်း သိရသည်။

Source: Myanma Awba

## မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်ထိ ပေါက်ဈေးရှိလာ



Source: ရတနာပုံသတင်းစာ

မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်ထိ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ယခင်က ပြည်ပမှဝင်ရောက်လာသည့် တရုတ်အာလူးများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ယခုလက်ရှိ တရုတ်အာလူးများ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

"တရုတ်အာလူးက ဇူလိုင်လပထမပတ်ထဲမှာ အရောင်းအဝယ်အေးနေခဲ့ပြီး ပြည်တွင်းကထွက်တဲ့ အာလူးလောက် ဈေးကောင်းမရခဲ့ဘူး။ အခုလတ်တလောမှာတော့ မန္တလေးဈေးကွက်ထဲမှာ တရုတ်အာလူးတွေ အဝယ်ပြန်လိုက်လာပြီး အရောင်းအဝယ်ကလဲ ကောင်းမွန်နေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇူလိုင်လ ပထမပတ်အတွင်းက တရုတ်အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ ခန့်သာရှိခဲ့သော်လည်း ယခုအခါ တရုတ်အာလူးများ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ယနေ့(ဇူလိုင်-၂၆)ထိ တရုတ်အာလူးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်ထိပေါက်ဈေးရှိနေပြီး ဈေးနှုန်းအတက်ဘက် ပြန်ရောက်လာကြောင်း သိရသည်။

"အခု လတ်တလောကတော့ ပြည်ပကနေ ပြည်တွင်းကို အာလူးတင်ပို့မှုက တော်တော်လေး အားကောင်းလာတယ်။ တရုတ်အာလူးအသစ်တွေကလဲ အခု မန္တလေးဈေးကွက်ထဲ ဆက်တိုက်ဝင်နေပြီး အရောင်းအဝယ်ကောင်းတဲ့အပြင် ဈေးကောင်းလဲရနေတယ်။ နောက်ပိုင်းမှာလဲ ဈေးနှုန်းတွေ အခုထက်ပိုပြီး ပြန်တက်ဖို့အလားအလာရှိနေပါတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရခိုင်ပြည်နယ်မှ ပြည်ပသို့တင်ပို့ခွင့်ယာယီရပ်နားထားသည့် ကဏန်းနှင့်ကျောက်ပုစွန်များ ပြန်လည်တင်ပို့ခွင့်ပြု

ရခိုင်ပြည်နယ်မှ ပြည်ပသို့တင်ပို့ခွင့် ယာယီရပ်နားထားသည့် ကဏန်းနှင့်ကျောက်ပုစွန်များ ပြန်လည်တင်ပို့ခွင့်ပြုထားကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောပြ၍သိရသည်။

ရခိုင်ပြည်နယ်မှ ပြည်ပသို့တင်ပို့နေသည့် ကဏန်းနှင့် ကျောက်ပုစွန်တချို့တွင် ပြီးခဲ့သည့် မေလက WSSV ဟုခေါ်သည့် Virus ပိုးတွေ့ရှိခဲ့သောကြောင့် လုပ်ငန်းရှင်တချို့၏ ပို့ကုန်များကို ပြည်ပသို့တင်ပို့ခွင့် ယာယီရပ်နားထားခဲ့ကြောင်း၊ လက်ရှိတွင် ပြည်ပသို့ပြန်လည် တင်ပို့နိုင်ရန်အတွက် လုပ်ငန်းရှင် ဦးရေ ၇၀ ခန့် ကို ပြန်လည်ခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလဆန်းလောက်မှာ ရခိုင်ပြည်နယ်ကနေ ပြည်ပကိုတင်ပို့တဲ့ ကဏန်းနဲ့ကျောက်ပုစွန်တွေမှာ WSSV လို့ခေါ်တဲ့ Virus ပိုး တွေ့ရှိခဲ့တာကြောင့် ပြည်ပကနေ တင်ပို့တဲ့ကုမ္ပဏီကို တင်ပို့ခွင့်ယာယီရပ်နားဖို့ အကြောင်းကြားလာတဲ့အတွက် ရခိုင်ပြည်နယ်ကနေ တင်ပို့နေတဲ့ ကုမ္ပဏီတွေအနေနဲ့တင်ပို့မှုကို မေလနောက်ဆုံးပတ်လောက်မှာ ယာယီရပ်နားထားရပါတယ်။ အဲဒီကာလမှာ တင်ပို့ဖို့ပြင်ဆင်ထားတဲ့ ကဏန်းနဲ့ကျောက်ပုစွန်တွေကို ဓာတ်ခွဲခန်းမှာ နမူနာရယူပြီး စစ်ဆေးတဲ့အခါ ဓာတ်ခွဲရလဒ်ကောင်းတဲ့ ကုမ္ပဏီ ၇၀ လောက်ကတော့ ပြန်လည်တင်ပို့ခွင့်ရသွားပါပြီ။ ကုမ္ပဏီ ၁၀ ခုလောက်ကတော့ ရလဒ်မကောင်းတဲ့အတွက် ကျန်နေပါတယ်" ဟု ဦးသက်ဦးကပြောပြသည်။

လက်ရှိတွင် ဓာတ်ခွဲခန်းရလဒ်မကောင်းသေးသည့် ကုမ္ပဏီများ၏ မွေးမြူရေးကန်နှင့် ကန်ရေပြင် သန့်ရှင်းရေး ပြန်လုပ်ခြင်း၊ ကဏန်း၊ ပုစွန်များအား ဓာတ်ခွဲခန်းရလဒ် ပြန်လည်ရယူခြင်းများ ဆောင်ရွက်နေကြောင်း၊ အဆိုပါ WSSV Virus ပိုးသည် ရေငန်ပုစွန်များသို့ ကူးစက်သွားပါက ထိန်းသိမ်းရခက်ခဲသည့်အတွက် ပုစွန်များသို့ မကူးစက်စေရန် ထိန်းသိမ်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ရခိုင်ပြည်နယ်မှ ပြည်ပသို့ ကဏန်းတန်ချိန် ၁၀၀၀ ကျော်နှင့် ကဏန်းပျော့တန်ချိန် ၆၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး မြန်မာနိုင်ငံက ထွက်ရှိသည့် ကဏန်းနှင့်ကဏန်းပျော့ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## ပို့ကုန်တိုးမြှင့်တင်ပို့ရန် ထိုင်းဆန်အမျိုးအစားအသစ်များ တန်းစီထား

ထိုင်းနိုင်ငံသည် ဆန်တင်ပို့မှု ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် စီးပွားဖြစ်ဆန် အမျိုးအစားသစ် ၁၂ မျိုးအထိ တိုးချဲ့ထုတ်လုပ်သွားရန် စီစဉ်ထားရှိပါသည်။

စီးပွားဖြစ်ဆန်အမျိုးအစားသစ်များ ထုတ်လုပ်သူများအတွက် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပခဲ့ရာ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Jurin Laksanawisit က ဝန်ကြီးဌာနသည် လက်ရှိဈေးကွက်နှင့် ဈေးကွက်အသစ်နှစ်ခုလုံးအတွက် ထိုင်းဆန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပို့ကုန်တိုးမြှင့်တင်ပို့ခြင်းကို အရှိန်မြှင့်တင် ဆောင်ရွက်ရန်အတွက် ထိန်းချုပ်ကွပ်ကဲရေးဌာနတစ်ခုကို ထူထောင်ထားရှိကြောင်း ပြောကြားခဲ့ပါသည်။ စီးပွားဖြစ် ထုတ်လုပ်မည့် ဆန်အမျိုးအစားသစ် ၁၂ မျိုးမှာ ဆန်ကြမ်း ၄ မျိုး၊ ဆန်ချော ၄ မျိုး၊ ထိုင်းဆန်မွှေး ၂ မျိုးနှင့် အာဟာရမြင့် ဆန်အမျိုးအစား ၂ မျိုးဖြစ်ပြီး၊ အဆိုပါဆန်အမျိုးအစားအသစ်များသည် ကမ္ဘာတစ်ဝှမ်းရှိ စားသုံးသူများအကြား ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း Mr Jurin က ပြောကြားပါသည်။

**Source: ricenewstoday.com**

https://myantrade.gov.mm/article/%E1%80%95%E1%80%AD%E1%80%AF%E1%80%B7%E1%80%80

## STOCK EXCHANGE (27.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,300 | 7,200 | 428 | 3,082,900 | 33,109,694 | 238,390 |
| MTSH | 00002 | 2,550 | +50 | +2.00% | 2,450 | 2,550 | 2,450 | 13,618 | 33,993,850 | 38,929,150 | 99,269 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 18,000 | 17,500 | 346 | 6,125,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 426 | 1,022,400 | 12,823,224 | 30,776 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 128 | 320,000 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 5 | 25,000 | 10,497,598 | 52,488 |

## Market summary

As of 27th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 336.79 | +1.11 | +0.33% | 334.56 | 338.29 | 334.56 | 14,951 | 44,569,650 | 7 | 585,894 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 27th Jul. 2022

| MYANPIX | 336.79 ▲ 1.11 |
|---|---|
| Total Volume (shares) | 14,951 |
| Total Value (MMK) | 45 mil |
| Listed Company | 7 |
| Market Cap. (MMK) | 585,894 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 2,550 | ▲ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |